တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) အား
လက်မှတ်ရေးထိုးခြင်းဆိုင်ရာ

# ပူးတွဲသတင်းထုတ်ပြန်ချက်

၂၀၁၅ခုနှစ်၊ ဩဂုတ်လ ( ၁၇ ) ရက်။

၁။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများ၏ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) နှင့်ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ (UPWC) တို့၏ (၉) ကြိမ်မြောက်ညှိနှိုင်းအစည်းအဝေးတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA) နှင့်ပတ်သက်၍ စာချုပ်ပါအချက်အလက်များအား အပြီးသတ်ညှိနှိုင်း သဘောတူညီမှု ရရှိခဲ့ ပါသည်။

၂။ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA) ကိုလက်မှတ်ရေးထိုးခြင်းဖြင့် အောက်ပါအာမခံချက်များကို ရရှိမည်ဖြစ်ပါသည်။

(က) မိမိတို့၏လက်နက်ကို ဆက်လက်ကိုင်စွဲထားနိုင်ပြီး၊ မိမိလူမျိုးနှင့်ဒေသကိုဆက်လက်ကာကွယ်နိုင်သည်။

(ခ) မတရားအသင်းအဖြစ်ကြေငြာထားခြင်း (၁၇/၁နှင့်၁၇/၂) တို့မှ ကင်းလွတ်ခွင့်ရှိမည်ဖြစ်ပြီး၊ နိုင်ငံရေးပြဿနာကို တွေ့ဆုံဆွေးနွေးညှိနှိုင်းခြင်းဖြင့် လွတ်လပ်စွာ အဖြေရှာနိုင်မည်ဖြစ်သည်။

(ဂ) ပစ်ခတ်တိုက်ခိုက်မှုဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် စစ်ဘက်ဆိုင်ရာကျင့်ဝတ် (Code of Conduct)များကိုအတည်ပြုနိုင်ခြင်းဖြင့်၊ အပစ်အခတ်ရပ်စဲရေးကိုစောင့်ကြည့်ခြင်း(Joint Monitoring of Ceasefire) နှင့် ပဋိပက္ခပြန်လည်ဖြစ်ပွားခြင်းကို ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပူးတွဲဆောင်ရွက်ခြင်းများ ပြုလုပ်နိုင်မည်ဖြစ်သည်။

(ဃ) နိုင်ငံရေးဆွေးနွေးပွဲ (Political Dialogue) လုပ်ငန်းစဉ်ကို အကောင်အထည်ဖော် ကျင်းပပြုလုပ်နေစဉ်အတွင်းမှာပင် မိမိဒေသအတွင်း လူထုအကျိုးပြုလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်သည်။

(င) တိုင်းရင်းသားလက်နက်ကိုင် အဖွဲ့အစည်းအားလုံးအတူတကွစုပေါင်း၍ အစိုးရ၊ နိုင်ငံရေးပါတီများအပါအဝင်၊ အခြားပါဝင်သင့်ပါဝင်ထိုက်သူများနှင့် နိုင်ငံရေးဆွေးနွေးပွဲများကျင်းပနိုင်မည်ဖြစ်သည်။

(စ) နိုင်ငံရေးဆွေးနွေးပွဲများကို အစိုးရနှင့်သော်လည်းကောင်း၊ နိုင်ငံရေးပါတီများနှင့် သော်လည်းကောင်း ပူးတွဲ၍ စီမံဆောင်ရွက်နိုင်မည်ဖြစ်သည်။ ဤကဲ့သို့ ပူးတွဲစီမံဆောင်ရွက်ခြင်းအားဖြင့်အစုအဖွဲ့တစ်ခုမှ တဖက်သတ်စီမံဆောင်ရွက်ခြင်းမှ ကာကွယ်နိုင်မည်ဖြစ်သည်။

(ဆ) ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို နိုင်ငံရေးဆွေးနွေးပွဲများမှတဆင့် ရရှိလာသည့် သဘောတူညီချက်များနှင့်အညီ ပြင်ဆင်ပြောင်းလဲနိုင်သည့် အခွင့်အရေးများကို ရရှိနိုင်မည်ဖြစ်သည်။

၃။ အကြောင်းအမျိုးမျိုးကြောင့် ပါဝင်လက်မှတ်ရေးထိုးရန်ဆန္ဒရှိသော်လည်း၊ ပါဝင်လက်မှတ်မရေးထိုးနိုင်သေးသည့်အဖွဲ့အစည်းများအတွက် လက်တွေ့ကျသည့်နည်းနာကို အမြန်ဆုံးရှာဖွေကြရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့် တွေ့ဆုံဆွေးနွေးကာ စုပေါင်းအဖြေရှာနိုင်မည့်အခွင့်အရေးကို အပြည့်အဝ ဆုပ်ကိုင်ရယူနိုင်ကြလိမ့်မည်ဟု မိမိတို့ယုံကြည်သည်။

၄။ အချုပ်အားဖြင့်အရေးကြီးဆုံးမှာ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်နှင့် ၂၀၁၅ ခု ဖေဖော်ဝါရီလ (၁၂) ရက်တွင်အစိုးရ၊ တပ်မတော်၊ လွှတ်တော်ဥက္ကဋ္ဌများ၊ တိုင်းရင်းသားရေးရာ ဝန်ကြီး(၁၉)ဦး၊ နိုင်ငံရေးပါတီ (၅၅) ပါတီတို့က ပါဝင်လက်မှတ်ရေးထိုးခဲ့ကြသော ငြိမ်းချမ်းရေးနှင့် အမျိုးသားပြန်လည်သင့်မြတ်ရေးဆိုင်ရာကတိပြုချက် (Deed of Commitment for Peace and National Reconciliation) တို့တွင်ပါဝင်သည့်၊ မိမိတို့လိုလားသော လွတ်လပ်မှု၊ တန်းတူညီမျှမှုနှင့် တရားမျှတမှုတို့ကို အခြေခံပြီး ပင်လုံစိတ်ဓါတ်နှင့်အညီ ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဋ္ဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်တို့ကို ဖော်ဆောင်နိုင်ရေး အာမခံချက်များနှင့် ကတိပြုချက်များ ရရှိခြင်းပင်ဖြစ်သည်။

၅။ သို့ဖြစ်ပါ၍ အောက်ဖော်ပြပါ KNU-ကရင်အမျိုးသားအစည်းအရုံး၊ ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA)၊ KNU/KNLA ငြိမ်းချမ်းရေးကောင်စီ (KNU/KNLA – PC) နှင့် သျှမ်းပြည်ပြန်လည် ထူထောင်ရေးကောင်စီ (RCSS) အဖွဲ့အစည်းတို့သည် တစ်နိုင်ငံလုံးပစ်ခတ် တိုက်ခိုက်မှုရပ်စဲရေး သဘောတူ စာချုပ် (NCA) ကို အစိုးရနှင့် လက်မှတ်ရေးထိုးရန် ဆုံးဖြတ်ကြောင်း ကြေညာအပ်ပါသည်။

| | | | |
|---|---|---|---|
| ဗိုလ်ချုပ်ကြီးစောမူတူးစေးဖိုး<br>ဥက္ကဋ္ဌ<br>KNU - ကရင်အမျိုးသား<br>အစည်းအရုံး၊ | ဗိုလ်ချုပ် စောမိုရှေး (က/၀၀၀၇)<br>ဒုစစ်ဦးစီးချုပ်<br>ကလိုထူးဘောတပ်ဖွဲ့<br>(D.K.B.A) | ဗိုလ်ချုပ် စောရင်န<br>စစ်ထောက်ချုပ်<br>ကရင်ငြိမ်းချမ်းရေးကောင်စီ | ဒုဗိုလ်ချုပ်ကြီးစဝ်ယွတ်စစ်<br>ဥက္ကဋ္ဌ<br>သျှမ်းပြည်ပြန်လည်ထူထောင်ရေး<br>ကောင်စီ |


ဆက်သွယ်ရန်။

1. ကရင်အမျိုးသားအစည်းအရုံး(KNU)၊ပဒိုစောကွယ်ထူးဝင်း။ ၀၈၁၈၀၇၆၂၇၉ (ထိုင်း) နှင့် ၀၉၄၂၂၁၉၁၉၄၁ (မြန်မာ)
2. ဒီမိုကရက်တစ်ကရင်အကျိုးပြုတပ်မတော် (DKBA)၊ ဗိုလ်မှူး စောစိန်ဝင်း ၀၈၃ ၆၃၀ ၁၆၄၅ (ထိုင်း)
3. ကရင်ငြိမ်းချမ်းရေးကောင်စီ (KPC)၊ ဗိုလ်ချုပ် စောရင်န ၀၈၈ ၄၃၅ ၂၈၆၉ (ထိုင်း)
4. သျှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ဗိုလ်မှူးကြီးစိုင်းလ။ ၀၈၆၉၁၂၄၁၀၄ (ထိုင်း)